ဂကောံသုတ်မန်လညာတ်တို

Mon Youth Progressive Organization

## (၅၈)ကြိမ်မြောက်မွန်တော်လှန်ရေးနေ့တွင်

## တိုးတက်သောမွန်လူငယ်များအစည်းအရုံး (MYPO) ၏ သဘောထားထုတ်ပြန်ကြေငြာချက်

၁၃၆၇ ခုနှစ်၊ ဝါခေါင်လပြည့်နေ့သည် မွန်လူမျိုးတို့၏ တန်းတူအခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးအတွက် လက်နက်ကိုင်တော်လှန်ခဲ့သော (၅၈)ကြိမ်မြောက်မွန်တော်လှန်ရေးနေ့ဖြစ်ပါသည်။ ဤကာလအတွင်း အသက်ပေးဆပ်ခဲ့ရသော မျိုးချစ်အာဇာနည်များနှင့် အခက်အခဲပေါင်းစုံရင်ဆိုင်ပြီး ယနေ့တိုင်အမျိုးသားထု၏ စည်းလုံးမှုအားဖြင့် တော်လှန်ရေးအသီးအပွင့်များကို ထိန်းသိမ်းရင်း ဆက်လက်တိုက်ပွဲဝင်နေသော မွန်မျိုးချစ်ရဲဘော်များအား**တိုးတက်သောမွန်လူငယ်များအစည်းအရုံး**မှ ဤတော်လှန်ရေးနေ့တွင် ဦးညွှတ်အလေး ပြုပါသည်။

မဟာလူမျိုးကြီးဝါဒဖြင့် တိုင်းပြည်ကိုအုပ်ချုပ်ခဲ့သော အစိုးရအဆက်ဆက်သည် တိုင်းရင်းသားတို့၏ တန်းတူ အခွင့်အရေးကို အသိအမှတ်မပြုသည့်အပြင် တန်းတူအခွင့်အရေးအတွက် ငြိမ်းချမ်းစွာတောင်းဆိုတိုက်ပွဲဝင်နေသော တိုင်းရင်းသားတို့အား လက်နက်အားကိုး အကြမ်းဖက်ဖိနှိပ်မှုများကြောင့် မွန်လူမျိုးတို့သည် အခြားတိုင်းရင်းသားများနည်းတူ လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ကို မလွှဲမရှောင်သာ ဆင်နွှဲခဲ့ရသည်။

လွတ်လပ်ရေးနောက်ပိုင်း ပြည်တွင်းစစ် နှင့် ၁၉၈၈ ခု လူထုအုံကြွမှုသည် တိုင်းရင်းသားတို့ ၏ တန်းတူအခွင့်အရေးနှင့် နိုင်ငံသားတို့၏ ဒီမိုကရေစီအခွင့်အရေးဆိတ်သုဉ်းမှုကြောင့်ဖြစ်ပြီး ထိုပြဿနာသည် ယနေ့မြန်မာနိုင်ငံ၌ တွေ့ကြုံရင်ဆိုင်နေရသော အကြပ်အတည်းပေါင်းစုံ၏ အခြေခံပြဿနာဖြစ်သည်။

မွန်ပြည်သစ်ပါတီသည် နိုင်ငံရေးပြဿနာကို တွေ့ဆုံဆွေးနွေးသည့်နည်းဖြင့် ဖြေရှင်းရန်အတွက် နအဖ စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးလုပ်ခဲ့သည်မှာ (၁၀)စုနှစ်တခုသို့ဝင်ခဲ့ပြီးဖြစ်သည်။ ထိုကာလအတွင်း စစ်အစိုးရက မွန်ဒေသအတွင်းတွင် စစ်တပ်အင်အားတိုးချဲ့ခြင်း၊ လယ်ယာခြံမြေသိမ်းဆည်းခြင်း၊ မုဒိမ်းမှုပြုခြင်း၊ သတ်ဖြတ်ခြင်းအပါအဝင် အခြားသောလူ့အခွင့်အရေး ချိုးဖေါက်နေသည့်အပြင် မွန်စာပေ သင်ကြားရေးကန့်သတ်ချုပ်ချယ်ခြင်းနှင့် မွန်အမျိုးသားစာသင်ကျောင်းများ ပိတ်ပင်ခြင်းတို့ ပိုမိုပြုလုပ်လာသည်ကိုတွေ့ရသည်။

မွန်ပြည်သစ်ပါတီအပါအဝင် အပစ်ရပ်အဖွဲ့အစည်းများ တက်ရောက်နေသော်လည်း (NLD)နှင့် အခြားတိုင်းရင်းသားနိုင်ငံရေးပါတီများ တက်ရောက်ခြင်းမရှိသည့် နအဖ၏အမျိုးသားညီလာခံသည် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီရေး၊ တိုင်းရင်းသားတို့၏ တန်းတူအခွင့်အရေးများကို ဖော်ဆောင်နိုင်မည်မဟုတ်ဟု ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းက ဝေဖန်သုံးသပ်လျှက်ရှိသည်။ ၎င်းအပြင် ညီလာခံတွင် အပစ်ရပ်အဖွဲ့အစည်းများ၏ တိုင်းရင်းသားအခွင့်ရေးဆိုင်ရာ တောင်းဆိုချက်များကို ပယ်ချခဲ့သည်။ အပစ်ရပ်အဖွဲ့အစည်းများကိုလည်း နအဖ က နည်းမျိုးစုံဖြင့် အကြပ်ကိုင်လက်နက်ချခိုင်းသည်ကိုလည်း ခံနေရပေသည်။ ဤသို့သော အကြပ်ကိုင်အနိုင်ယူသည့်နည်းဖြင့် တိုင်းရင်းသားတို့၏ပြဿနာကို မဖြေရှင်းနိုင်သည့်အပြင် တိုင်းရင်းသားအားလုံး၏ သွေးစည်းညီညွှတ်ရေးကိုလည်း တည်ဆောက်နိုင်လိမ့်မည် မဟုတ်ပေ။ ဤသို့သောအနေအထားတွင် ရည်မှန်းချက်ပန်းတိုင်အတိုင်း ကြံ့ကြံ့ခိုင်တိုက်ပွဲဝင်နေသည့် ဦးဆောင်ပါတီဖြစ်သော မွန်ပြည်သစ်ပါတီအား အပြည့်အဝထောက်ခံပါသည်။

ယနေ့မြန်မာနိုင်ငံ၏ နိုင်ငံရေးအကြပ်အတည်းသည် တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ ဖြေရှင်းနိုင်သည်ဟု ယုံကြည်ပြီး တိုင်းရင်းအားလုံး၏ တန်းတူအခွင့်အရေးနှင့် နိုင်ငံသားအားလုံး၏ ဒီမိုကရေစီအခွင့်အရေး အပြည့်အဝရှိမှသာလျှင် နိုင်ငံ၏တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းရင်းသားအားလုံး၏ သွေးစည်းညီညွှတ်ရေးကို တည်ဆောက်နိုင်မည်ဟု **တိုးတက်သောမွန်လူငယ်များအစည်းအရုံး**မှ ယုံကြည်ပါသည်။ ထို့ကြောင့် **တိုးတက်သောမွန်လူငယ်များအစည်းအရုံး**သည် နှစ်ပေါင်း(၅၀)ကျော်တော်လှန်ရေးကိုသုံးသပ်ပြီး တန်းတူအခွင့်အရေးနှင့် ဒီမိုကရေစီရရှိရေး အတွက် ဖိအားပေးအင်အားစုအခန်းကဏ္ဍမှ ရပ်တည်ပြီး မွန်လူထုအဖွဲ့အစည်းများ၊ အခြားတိုင်းရင်းသားအင်အားစုများ၊ ဒီမိုကရေစီအင်အားစုများနှင့် လက်တွဲပြီး ဆက်လက်တိုက်ပွဲဝင်သွား မည်ဖြစ်သည်။

တိုင်းပြည်၏တည်ငြိမ်အေးချမ်းရေး နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ၅၈ ကြိမ်မြောက်တော်လှန်ရေးနေ့တွင် ---

(၁) ပြည်သူလူထုရှေ့မှ မားမားမတ်မတ် ရှေ့ဆောင်တိုက်ပွဲဝင်သွားရန် မွန်ပြည်သစ်ပါတီအပါအဝင် မွန်နိုင်ငံရေးပါတီများအား တောင်းဆိုလိုက်ပြီး ဦးဆောင်ပါတီအား ဝိုင်းရံကြရန် ပြည်တွင်းပြည်ပရှိ မွန်လူမျိုးများအား တောင်းဆိုလိုက်သည်။

(၂) မွန်ဒေသတွင် စစ်တပ်အင်အားတိုးချဲ့ချထားမှု၊ အထူးသဖြင့် မွန်ပြည်နယ် ရေးမြို့နယ်တောင်ပိုင်းတွင် ထိုးစစ်ဆင်နေမှုနှင့် မုဒိမ်းမှု၊ သတ်ဖြတ်မှု အပါအဝင် အခြားလူ့အခွင့်အရေး ချိုးဖောက်နေမှုများကို အမြန်ဆုံးရပ်တန့် ရန်၊

(၃) ဒေါ်အောင်ဆန်းစုကြည်၊ ဦးခွန်ထွန်းဦးအပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို အမြန်ဆုံးလွှတ်ပေးပြီး အတုယောင်အမျိုးသားညီလာခံကို အမြန်ဆုံးရပ်တန့်ကာ (၁၉၉၄) ခု ကမ္ဘာ့ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်ဖြစ်သော အင်အားစုအားလုံးပါဝင်သည့် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးကို အမြန်ဆုံးလုပ်ဆောင်ရန် နအဖ စစ်အစိုးရအား တောင်းဆိုလိုက်သည်။

အမှုဆောင်ကော်မတီ

တိုးတက်သောမွန်လူငယ်များအစည်းအရုံး (MYPO)

ရက်စွဲ။ ။ ဩဂုတ်လ (၁၉) ရက်၊ ၂၀၀၅ခုနှစ်

ဆက်သွယ်ရန်။ ။ +66 - 34595614